
Read on the move
နုတ်သမီး
အလင်းကမ်းပါး

## အခန်း (၁)

''ဂတ် ဂတ် ဂတ်''

''ဟဲ့ ပလုတ်တုတ်၊ အမယ်လေး လုပ်ကြပါဦး''

''ဂတ် ဂတ် ဂတ်''

''ဟဲ့ ဘဲ၊ ဟဲ့ ဘဲ၊ ဘဲစုတ် ဘဲနာ သွား သွား''

အဖြူရောင်လွှင်နေသော ဘဲကြီးက ညည ဘယ်လောက်ပဲ အော်အော် နောက်ဆုတ်သွားခြင်း မရှိ။ ညည ရပ်လျှင် သူက ရပ်လိုက်၊ ညည ခြေလှမ်းရွှေ့လျှင် သူက နောက်ကလိုက်ပြီး နှုတ်သီးရှည်ရှည်ကြီး ဖြင့် ထိုးလိုက် လုပ်နေသည်။

လမ်းသွားလမ်းလာ တချို့က ညည နှင့် ဘဲကြီးရဲ့အဖြစ်ကို ကြည့်ပြီး ရယ်သွားကြတာမို့ ညည ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ် မိသည်။ ဒီဘဲစုတ်ဘဲနာကို ခြောက်လှန့်ဖို့ ညည လက်ထဲမှာ ဘာလက်နက် မှလည်း မပါ။

ဘယ်လိုဘဲလဲ ညည တစ်ခါမှ မကြုံဘူး။ တဂတ်ဂတ် အော်ရင်း နှုတ်သီးကြီးဖြင့် လိုက်ထိုးနေတာမို့ ရှက်လည်းရှက် ကြောက်လည်း ကြောက်ကာ ချွေးတွေပြန်ပြီး ငိုချင်စိတ်ပေါက်နေသည်။

ထဘီစွန်တောင်ဆွဲပြီး ထွက်ပြေးလျှင်လည်း အဆုံးထိ လိုက် မည့်ပုံစံ။

''ဂတ် ဂတ် ဂတ်''

''ဘဲစုတ် ဘဲနာကြီး သေချင်းဆိုးကြီး၊ လာခဲ့ ကျောက်ခဲနဲ့ကို ထုပစ်မယ်''

လမ်းဘေးက အုတ်နီခဲလေးကို ကောက်ပြီး ရွယ်လိုက်တော့ တောင်ပံတဖျပ်ဖျပ်ခပ်ပြီး ရပ်သွား၏။ ကြောက်ရွံ့သွားပြီး မလိုက်တော့ ဘူးအထင်နှင့် ညည ဆက်လျှောက်သွားတော့ တဂတ်ဂတ် အော်ကာ

ပြန်လိုက်လာပြန်သည်။ ကျွန်မြေပျက် သိက္ခာပျက်ဖြစ်နေပြီမို့ မထူးစိတ် ပိုက်ကာ အုတ်နီခဲဖြင့် လှဲပေါက်ပစ်လိုက်သည်။

''ဂတ် ဂတ် ဂတ်''

ဘဲစုတ်ဘဲနာ ခြေထောက်နာသွားဟန် တူသည်။ တောင်ပံခတ် ၍ ငယ်သံပါအောင် အော်လေ၏။

ထိုအချိန်မှာ ခြံဝင်းတစ်ခုထဲကနေ လူတစ်ယောက် ပြေးထွက် လာကာ ဘဲကြီးကို ကောက်ပွေ့လိုက်ပြီး

''မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ဒါ တိရစ္ဆာန်ကွ၊ မင်းကို တိရစ္ဆာန် ညှင်းပန်းနှိပ်စက်မှုနဲ့ ရဲတိုင်မယ်''

''အောင်မယ် သွားတိုင်ပါလား၊ ညည ကလည်း အဲဒီ ဘဲကို ရဲစခန်းမှာ အမှုဖွင့်ပြီး ဖမ်းခိုင်းမှာပဲ''

''ဘာ ငါ့ဘဲက ဘာလုပ်လို့လဲ''

''မိန်းကလေးတစ်ယောက်ကို ကာကျွန်မြေပျက်အောင်လုပ်လို့ လေ၊ လူကြားသူကြားမှာ အရှက်ကွဲအောင် လုပ်လို့ပေါ့၊ သူ့ဘဲကိုတော့ အထိန်းအသိမ်းမရှိ လမ်းလယ်ခေါင်မှာ ပေါက်လွှတ်ပဲစား လွှတ်ထား ပြီးတော့ လူကိုများ လာပြောနေတယ်၊ ရှင်ကြီး ခြိမ်းခြောက်တိုင်း ကြောက် မယ်ထင်လား''

စကားဗလစ်ဆန်အောင် ပြောလျက် ကက်ကက်လန် ရန်တွေ့ နေသော ကောင်မလေးကို ဆန္ဒသျှင် တော်တော် မျက်မှန်းကျိုးသွား သည်။

ဝတ်စားထားတာက ဖရီးစတိုင် ခေတ်လူငယ်ဒီဇိုင်း ပေါ့ပေါ့ ပါးပါးပါ။ မိတ်ကပ်နှုတ်ခမ်းကင်းသော မျက်နှာလေးက မှုန်ဖွေးဖွေး ဝင်းဝင်းဖန့်ဖန့်နှင့်။

နားသယ်စပ်လေးက သွေးကြောမျှင်လေးတွေကို အတိုင်းသား မြင်နေရကာ ခါးထောက်ရန်တွေ့နေတာလေးက တမင်တကာ အိုဗာများ

နေသလိုပင်။

''ဘာကြည့်နေတာလဲ၊ ဘယ်ရဲစခန်းသွားမှာလဲ၊ ရှင်ကြီးရှေ့က သွား၊ ညည နောက်ကလိုက်မယ်''

''ဟား တိရစ္ဆာန်ကို အမှုဖွင့်မှာ မင်းတစ်ယောက်ပဲရှိတယ်၊ တိရစ္ဆာန်က ဘာနားလည်မှာလဲ၊ အဲ တစ်ခုတော့ သေချာတယ်''

''ဘာ သေချာတာလဲ''

''မင်းအပျိုစစ်စစ်မို့လို့ ငါ့ဘဲက လိုက်တာ''

''ဘာ''

''ဟုတ်တယ် ဒီဘဲငန်းက ယောကျ်ားလေးဆို မျက်စောင်း တောင်ထိုးတာမဟုတ်ဘူး၊ မိန်းကလေးလှလှလေးဆို လိုက်ရှိုးတာပေါ့''

''ဩော ရှင်ကြီး ဘဲက ဘဲနှာဘူးပေါ့၊ အဲဒါ ရှင်ကြီးကို တူလို့ ဖြစ်မှာ''

''ဘာ မင်း မင်း''

ဆန္ဒသျှင် ဆွေ့ဆွေ့ခုန်သွားသည်။ ထိုမိန်းကလေးကို ကြည့် ကာ တဂတ်ဂတ် အော်၍ ရှုပိုးထိုးနေသော ဘဲကိုပါ လက်ထဲက လွှတ်ချ ချင်စိတ် ပေါက်သွား၏ ။

ဒါပေမဲ့ ဒီလိုလုပ်လို့မဖြစ်။ သူ့ဘဝမှာ ဒီလို တိရစ္ဆာန်လေးတွေ က သူ့ရဲ့အဖော်။

ခြံထဲမှာဆိုလျှင် ဘဲတွေကြက်တွေ ခွေးတွေ၊ ကြောင်တွေ၊ ယုန်တွေ အားလုံး သူ မွေးထားသည်။ တစ်ကောင်နှင့်တစ်ကောင် မတည့်တာ ရန်ဖြစ်တာမျိုးလည်း မရှိ။

သူတို့လေးတွေကို အစာကျွေးချိန်တန်ကျွေး ရေချိုးပေးချိန်တန် ပေးနှင့်

စာရေးချိန်ကလွဲလျှင် ကျန်သည့်အချိန်တွေက သူတို့အတွက်ပင်။

ထိုအထဲမှာမှ ရွှေလုံး ဆိုသည့် ဒီဘဲငန်းက ခြံဝင်းထဲမှာ ဣန္ဒြေ ရရ မနေဘဲ စော်ထွက်ထွက်ရှိတ်လို့ ဖြေရှင်းရတာ က တစ်ဒုက္ခ။

ဘယ်ကဘယ်လို ခြံပြင်ထွက်သွားပြီး မိန်းကလေးလှလှလေး တွေကို နှုတ်သီးနှင့်ထိုးကာ လိုက်ငမ်းနေမှန်းမသိ။

တချို့က ရယ်ပွဲဖွဲ့၍ လိုက်တမ်းပြေးတမ်း ကစားတတ်ပြီး တချို့တလေကတော့ အခု မိန်းကလေးလို ရိုက်မောင်းပုတ်မောင်း ရန်ပြု တတ်သည်။

ဒါပေမဲ့ တခြားမိန်းကလေးတွေထက် ဒီမိန်းကလေးက ပိုပြီး ရန်တွေ့ကောင်းသည် ထင်သည်။

ရဲစခန်းလိုက်ပြီး အမှုပဲ ရင်ဆိုင်ရတော့မလား။ တကယ့် စွာတေးလန်။

''ကဲ ကဲ မင်းနဲ့ဘာမှမပြောချင်တော့ဘူး၊ မင်းသွားတော့''

''အံမယ် ရှင်ကြီး အမိန့်ပေးတိုင်း သွားရမှာလား''

''မင်းနော်၊ ငါ့ကို ရှင်ကြီး ရှင်ကြီးနဲ့ ဦးရှင်ကြီး နတ်မှတ်နေ လား၊ ငါ့နာမည် ဆန္ဒသျှင်''

''အံမယ်လေး လာမိတ်ဆက်နေသေးတယ်၊ အော်တိုရေးမပေး နိုင်ဘူး ဆောရီးပဲ''

ကောင်မလေး ခပ်တည်တည် ပြောနေပေမယ့် ဆန္ဒသျှင် တစ် ဖက်လှည့်ကာ ဟွန့်ခနဲ ပါးစပ်ပိတ်၍ ရယ်လိုက်မိသည်။ သူမကိုယ်သူမ ဘာများထင်နေသည် မသိ။ ကလေးဆန်လွန်းတာပဲလား။

သူလည်း လူကြီးတစ်ယောက်မှ မဟုတ်တာ။

''ဒီမယ် မင်းဘာသာ ဟောလိဝုဒ်တို့ ဘောလိဝုဒ်တို့က ကမ္ဘာ ကျော် မင်းသမီး ဖြစ်နေရင်တောင် ငါလိုကောင်က အော်တိုရေးခိုင်းဖို့ စိတ်မကူးဘူး သိလား၊ အခု ငါ့ရွှေလုံးလေး ခြေထောက်နာသွားပြီ၊ အဲဒီ တော့ ဆေးခန်းသွားရဦးမှာမို့ မင်းအတွက် အချိန်လည်း မပေးနိုင် ဘူး၊ အခု ငါ့ရွှေလုံး ရှိုးလို့ မင်း ဘာမှထိခိုက်နစ်နာမသွားဘူး မဟုတ် လား၊ ငါ သွားပြီ''

''အံမာ အံမာ တောက်''

ပြောချင်ရာ ပြောထွက်သွားသော ဘဲနှာဘူးပိုင်ရှင် ကျောပြင် ကို ကြည့်၍ ညည ဆတ်ဆတ်တုန်အောင် ဒေါသဖြစ်ကာ အကျယ်ကြီး တက်ခေါက်လိုက်မိသည်။

အုတ်နီခဲကောက်ကာ နောက်စေ့ကွဲအောင် ပစ်ပေါက်ပစ်လိုက် ချင်၏ ။ တစ်ယောက်တည်း ကျန်ခဲ့တော့ ဒေါသတို့က ဦးတည်ရာပျောက် လျက် မရေမရာ။

နောက်တစ်ခါ လာရှိုးကြည့် တွေ့မယ်။

***

# အခန်း (၂)

''အလိုတော် ကျုပ်အိမ်ထဲဝင်လာတာ ရှူးရှူးရှားရှားနဲ့ ဘာတွေ ဒေါသဖြစ်လာတာလဲ၊ ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ ပြောပါဦး''

''ဘဲနဲ့''

''ဟင် နင် နင် ညည ဘယ်ချိန်က ဘဲရသွားတာလဲ၊ ငါ့ကို လည်း ဘာမှမတိုင်ပင် မပြောပါလားဟဲ့၊ နင့်ဘဲက ဘယ်လိုပုံစံလဲ၊ ချောလား၊ ခန့်လား၊ ကိုရီးယားမင်းသားလေးနဲ့ရော တူရဲ့လား ဟင် သဘောရောကောင်းရဲ့လား''

''အာ နင် ဘာတွေလျှောက်ပြောနေတာလဲ မိဝါရာ''

''ဟုတ်တယ်လေ ဒီလောက် ရင်းနှီးနေတဲ့ ငယ်ပေါင်းသူငယ် ချင်းတွေ၊ ခဏလေး ငါ့အစ်ကို ရှာသွားနေတဲ့အချိန်မှာ နင်က ဒီမှာ ဘဲတွေဘာတွေ ရနေတယ်ဆိုတော့ ကောင်းသေးလား၊ အခုတော့ သိပ် တောင် မကြာသေးဘူး နင်တို့ချင်း စိတ်ဆိုးစိတ်ကောက်မှ ငါ သိရတယ်၊ နင် သူငယ်ချင်းကောင်း မပီသဘူး ညည၊ နင်က မပေါင်းသင်းထိုက်တဲ့ သူငယ်ချင်းချင်း''

''မိဝါ''

ညည ကုန်းအော်လိုက်၍ လက်သျှိုးတထိုးထိုး အရှိန်ကောင်းနေ သည့် မိဝါ မျက်လုံးပေကလပ် ပေကလပ်နှင့် ဆန့်တငင်ငင် ဖြစ်သွား လေသည်။

''နင်ကလည်းဟယ် လန့်လိုက်တာ၊ လိပ်ပြာတောင် လွင့်မတတ် ပဲ၊ လိပ်ပြာလေးရေ ကလူ ကလူ''

''ဘာ ကလူ ကလူလဲ၊ လိပ်ပြာလွင့်ပြီး သေသွားလည်း အေး တာပဲ၊ ဘာမှန်းမသိဘူး၊ သူထင်ရာ စွတ်ရွတ်ပြောနေတယ်၊ ဘဲဆိုတာ လူဘဲကို ပြောတာ မဟုတ်ဘူး၊ တိရစ္ဆာန်ဘဲကို ပြောတာ သိပြီလား''

''ဟင် လူဘဲ တိရစ္ဆာန်ဘဲ၊ နင် အဲဒါကို ဘယ်လို ခွဲခြားလိုက် တာလဲ

ညညာ၊ ငါ့ကိုရှင်းအောင် ပြောစမ်းပါ''

''ဒွေမ ဒေအမ၊ လူဘဲက လူပေါ့၊ တိရစ္ဆာန်ဘဲက တိရစ္ဆာန် ပေါ့၊ ဘာကိုခွဲခြားပြောရဦးမှာလဲ တကတည်း''

''အညာလေသံနဲ့ ငါ့ကို မပြောစမ်းပါနဲ့၊ ငါ မသိလို့ မေးနေတာ ပေါ့၊ နင်က မတတ်ပဲ့၊ မတ်တပ်ပေါက်ပဲ၊ တပည့်နားလည်အောင် ရှင်း စမ်းပါ''

''ကဲ ဒီလို ဒီလို အရောင်ဒူးထောင်၊ အရှူးထောင်ထွက်ရေ သေချာ နားထောင်''

ညညာ အစအဆုံး ရှင်းပြပြီးချိန်မှာ မိဝါ ခွက်ထိုးခွက်လှန် ပက်ပက်စက်စက် ဗိုက်နှိပ်ကာ ရယ်လေသည်။

''ဟား ဟား ဟား အမလေး အမလေး ဗိုက်နာအောင်တောင် ရယ်ရပါလား၊ ဟား ဟား ညညာရယ်၊ ဖြစ်မှဖြစ်ရလေ၊ ဘဲ ဘဲ တိရစ္ဆာန် ဘဲဆိုတာ အဲဒါကို ပြောတာလား၊ ဘာတဲ့ ရွှေလုံး ဟုတ်လား ရွှေပန်း လို့နာမည်ပေးလိုက် ပြီးရောဟယ်''

''အာ ညစ်ပတ်လိုက်တာ အဲဒီ ရွှေပန်း နင်ပဲယူ''

''ဟယ်တော် နင့်ကို ခိုက်လို့ နင့်ကို ရှိုးတာ၊ ငါက ယူစရာလား၊ ငါ့သူငယ်ချင်းလေး ညညာ ဘယ်လောက်စန်းပွင့်တယ်ဆိုတာ အခုမှ သိရတယ်၊ ဒီနှစ်နင့်ကို စုတ်ရော လာဘ်ရောဝင်မယ်လို့ ဗေဒင်ဆရာ ဟောထားတာ မှန်နေပြီပေါ့ဟဲ့၊ အဲဒီ ဗေဒင်ဆရာကို သွားကန်တော့ချည် ဦးသွား''

''နေစမ်းပါ အစုတ်ပလုတ်မ၊ ဒီက ဒေါသဖြစ်နေပါတယ်ဆိုမှ သူ့အပေါ် ပုံကျတော့မယ်၊ ငါ အခုထပြန်မှာနော် မိဝါ''

''ဟယ် ဟယ် သူငယ်ချင်းလေးရယ်၊ ချစ်လို့ စတာပါဟယ်၊ စိတ်မဆိုးပါနဲ့''

ဒီလိုကျတော့ မိဝါတို့ ပျာပျာသလဲ ဖြစ်ကာ ညည လက်ကလေး ကို ဆုပ်ကိုင်၍ မင်သေသေ တောင်းပန်ရှာသည်။ ရှိတာမှ ဒီသူငယ်ချင်း နှစ်ယောက်။

အလယ်တန်းမှာကတည်းက နယ်ကပြောင်းလာသည့် မိဝါကို ကျောင်းမှာတွေ့ပြီး ရင်းရင်းနှီးနှီး ပေါင်းသင်းဖြစ်ကာ ပြောမနာ ဆိုမနာ စားအတူ၊ သွားအတူ။

အခု တက္ကသိုလ်နောက်ဆုံးနှစ်အထိ အတူတူ။ ရည်းစားလည်း မထားဖြစ်၊ အပူအပင်လည်း မရှာ။ ပေါ့ပေါ့ပါးပါး ပျော်ပျော်ပဲ နေခဲ့ ကြတာ။

အိမ်ချင်းက မနီးပေမယ့် သူ့အိမ်သွား ကိုယ့်အိမ်သွားနှင့် အိပ်ချိန်ကလွဲလျှင် မခွဲအတူလို့တောင် ပြောလို့ရသည်။

အခုလည်း မိဝါအစ်ကို မိန်းမ ကလေးမွေးလို့ မိဝါ နယ်ကို သွားနေရာက ပြန်ရောက်ရောက်ချင်း လာတွေ့တာပါ။ ဖြစ်ချင်တော့ ဒီနေ့မှ ကားကပျက်ကာ ဝပ်ရှော့ပို့ထားရသည်။

တက္ကစီစီးဖို့ကျတော့လည်း ကားသမားက တစ်နေရာခေါ်သွား မှာ ကြောက်တာလိုလိုဖြင့် မစီးဖြစ်။

လိုင်းကားတိုးစီးလာခဲ့တော့ မှတ်တိုင်နှင့်အလှမ်းဝေးတာမို့ မိဝါ အိမ်ကို ခြေလျင်လျှောက်ခဲ့ရာက ဒီပြဿနာတွေ ဖြစ်ရသည်။

''ဟင်''

အခုမှ သတိရသည်။ ဟိုဘဲပိုင်ရှင် ဆန္ဒသျှင် ဆိုသည့်လူ ဝင် သွားတာ မိဝါတို့ဘေးချင်းကပ်ခြံဝင်းထဲပါလား။

''လာ လာ မိဝါ ငါနဲ့လိုက်ခဲ့''

''ဟဲ့ ဘာဖြစ်တာလဲဟဲ့၊ ငါ့အိမ်ပေါ်ထပ် ငါရောက်ဖူးပါတယ်၊ ဘာလို့ ငါ့လက်ဆွဲခေါ်နေရတာ လဲ''

''စကားများလိုက်တာဟယ်၊ ငြိမ်ငြိမ်သက်သက် လိုက်မှာသာ လိုက်လာစမ်းပါ''

ညည အော်လိုက်တော့ မိဝါ ပါးစပ်ပိတ်ကာ လိုက်လာသည်။ အိမ်ရှေ့ဝရန်တာကို ရောက်မှ မိဝါ လက်ကို လွှတ်ပြီး

''အဲဒီ ဘဲပိုင်ရှင် အဲဒီ ခြံထဲကို ဝင်သွားတာ ငါ သေချာတွေ့ လိုက်တယ်၊ အရင်တုန်းက ငါ လာနေတာ တစ်ခါမှ အဲဒီ လူကို မတွေ့ဖူး ပါဘူး''

''ဘယ်လိုပုံစံမျိုးလဲ''

''ရုပ်က ချောတာလား၊ ကြည့်ကောင်းတာလားတော့ မသိဘူး၊ အသားဖြူဖြူ ဒေါင်ကောင်းကောင်း၊ မပိန်မဝ မပုမရှည်၊ ဆံပင်ကလည်း မတိုမရှည်ပဲ၊ မျက်ခုံးလည်း ကောင်းတယ်၊ မျက်လုံးလည်း အရောင် တောက်ပြီး စူးရှတယ်၊ နှုတ်ခမ်းမွှေးကတော့''

''အမလေး ရန်သူဖြစ်ခဲ့ပေလို့ပဲ၊ သေချာကြည့်လာခဲ့တာပါလား နော်၊ အတွင်းခံဘောင်းဘီ ဘာရောင်ဆိုတာရော မြင်ခဲ့သေးလား''

''ထွီ ရွံ့စရာကြီး၊ ဘာတွေလျှောက်မေးမှန်း မသိဘူး''

''ဟဲ့ နင်က ခရေစေ့တွင်းကျ ပြောနေတာကိုးဟဲ့၊ အမွှေး အမျှင် ဘယ်နေရာမှာ ဘယ်နှပင်ပေါက်နေတယ်ဆိုတာပါ ရေလာခဲ့သလား လို့ပေါ့၊ မိနစ်ပိုင်းလောက် စကားရပ်ပြောခဲ့ပေလို့သာပဲ၊ တစ်ညအိပ်ဆို အကုန်သိလောက်တယ်''

''မိဝါနော်''

မျက်စောင်းဝင့်ကာ နှုတ်ခမ်းစူလိုက်မှ မိဝါက၏

''ဟဲ ဟဲ ချစ်လို့စတာ သူငယ်ချင်း ဘွာ ဘွာ''

''မဘွာနဲ့ တင်းလာပြီ''

''တင်းရင်လည်း မင်းလျှော့ပါကွာ၊ စိတ်ကောက်လည်း မင်း ချော့ပါကွာ၊ ခါတ်မတည့်ဘူး၊ မင်းနဲ့ငါဟာ ပြဿနာ''

''ကြည့် အေသင်ချိုဆွေ သီချင်းလာဆိုနေပြန်ပြီ၊ နင်နော် ငါ လုပ်ထည့်လိုက်ရ''

''နိုး နိုး လောကကြီးကို စိတ်ကုန်လို့ လင်ယူသားမွေးချင်စိတ် မရှိသေးဘူး''

''မိဝါ အစုတ်ပလုတ်မ၊ ကဲ ကဲ''

မိဝါ ကျောပြင်ကို စိတ်တိုတိုနှင့် ဖျောတင်ပစ်လိုက်တော့ ကော့ တက်သွားကာ မျက်လုံးမျက်ဆံပြူးသွားသည်။

''အေးပါ လုပ်ထား လုပ်ထား၊ ယောကျ်ားရမှ ငါ ခံရတာ ထက် ဆယ်ဆလောက် ပြန်ခံရပြီး ကလေးဆယ်ယောက်လောက် မွေးပါစေ''

''အေး အဲဒီ ကလေးတွေ အကုန်လုံး နင့်ကို ထိန်းခိုင်းမယ် ဟဲ့ မိဝါမရဲ့''

''အဲတော့ လင်စိတ်သားစိတ် မကုန်တာ သေချာနေပါလား၊ ငယ်ငယ်ကပြောတော့ မယ်သီလရှင် ဝတ်မယ်ဆို''

''ဝတ်တော့ ဝတ်ချင်တယ်၊ ဒါပေမဲ့ ကတုံးကြီးနဲ့ မနေရဲလို့''

''ဩော် တရားပေါက်ပြီး ဘိက္ခုနီမ ဖြစ်တော့မှာပဲ''

''ကဲပါ ဟိုဘက်အိမ်ကလူကို ချောင်းကြမယ်လာ၊ အရင်က အဲဒီ အိမ်မှာ လူမရှိတာ ကြာပြီ၊ ဒီလူကြီးဝယ်လိုက်တာလား၊ ငှားလိုက် တာလား မသိဘူး''

''ဝယ်ဝယ် ငှားငှား၊ ငါ ရွာသွားနေတုန်း အလုပ်ဖြစ်သွားတာ ထင်တယ်၊ ညကမှ ပြန်ရောက်လို့ အဲဒီ ဘက်တောင် သတိမထားမိဘူး၊ ဒါပေမဲ့ မိစုတော့ စပ်စုပြီးနေလောက်ပြီဟဲ့၊ မိစု မေးကြည့်ကြမလား''

''ပြီးမှ မေးမယ်၊ အဲဒီ လူကြီး ဘာလုပ်နေလဲ အရင်ချောင်းကြည့် ရအောင်''

''အေးပါ ရုပ်လုံးပေါ်အောင်တော့ သွားဖြဲနားဖြဲသွားမလုပ်နဲ့ဦး၊ သူ့ကို လှမ်းရှုံးတယ်ထင်ရင် ဂွမ်းပြီ''

မိဝါက ပိပိရိရိ ရှိသည်။ ညညက နည်းနည်း ပရမ်းပတာ နိုင်၏ ။ ပန်းအိုးကို ခလုတ်တိုက်ပြီး မှောက်လျားထိုးလဲသွားရာကနေ ပြန်မထဘဲ တစ်ဖက်ခြံကို ချောင်းကြည့်၏ ။

မိဝါက ကုန်းကုန်းကွကွနှင့် အလှစိုက်ပျိုးထားသော ဝါးဆစ် ပင်လေးကြားကနေ ချောင်းမြှောင်းကြည့်သည်။

ဝရန်တာကနေ တစ်ဖက်ခြံရှေ့ကို လှမ်းမြင်ရနိုင်သော်လည်း တစ်ဖက်ခြံမှာက အုန်းပင်ပုလေးတွေ တောထန်းပင်ပေါက်လေးတွေ ကွယ် နေသည်မို့ သိပ်ရှင်းရှင်းလင်းလင်း မရှိ။

နောက်ဘက်လသာဆောင်က သွားကြည့်လျှင်လည်း ဟိုဘက် ခြံက နောက်ပိုင်း ရှုခင်းတွေနှင့် ရေကူးကန်လေးကို မြင်တွေ့ရနိုင်သည်။ ဒီရှေ့မှာ မတွေ့မှ နောက်ကိုသွားတာ အကောင်းဆုံးပေ့ါ။

''ဟဲ့ ဟဲ့ ဟိုလူမဟုတ်လား၊ တိရစ္ဆာန်တွေကို အစာကျွေးနေ တယ်၊ ဟယ် တိရစ္ဆာန်တွေကလည်း များသားပဲ၊ ဘယ်နှမျိုးတောင်လည်း မသိဘူး''

''ဘယ် ဘယ်မှာလဲ''

မိဝါအနား ညည ကုန်းရုန်းထလာပြီး ကြည့်သည်။ ဘောင်းဘီ တိုနှင့် စွပ်ကျယ်နှင့် တိရစ္ဆာန်တွေကို အစာကျွေးနေရတာ တော်တော် ပျော်နေသည် ထင်သည်။ တစ်မျိုး တစ်မျိုး အများကြီး မဟုတ်သော် လည်း ကြက်၊ ဘဲ ခွေး၊ ယုန် တော်တော်စုံသည်။

ပေါ်တီကိုထောင့်နားမှာ ငါးကန်လေးလည်း မြင်တွေ့ရ၏ ။ တခြားလူတွေမရှိလို့ တိရစ္ဆာန်တွေကို အဖော်လုပ်နေခြင်းလား။

တခြားလူအရိပ်အရောင်တော့ တကယ် မမြင်တွေ့ရတော့ပါ။ ခဏနေတော့ ဘဲငန်းကြီးကို ပွေ့ပိုက်ကာ ဆန်နီပစ်ကပ်ကားလေးပေါ် တင်လိုက်သည်။

အဝတ်အစားလဲပြီးချိန်မှာတော့ ကားလေးကို မောင်းထွက် သွားသည်။ သူ့ဘဲစုတ်ဘဲနာကြီးကို ဆေးခန်းသွားပြမလို့နေမှာပေ့ါ။

တိရစ္ဆာန်တွေက သူ့ဆွေတော်မျိုးတော်တွေလား မသိ။ အကြောင်းတစ်ခုခုတော့ ရှိရမည်။

***

# အခန်း (၃)

အကြောင်းရင်းကို သိရအောင် ညည အိမ်မပြန်ဖြစ်သေးဘဲ မိဝါအိမ်မှာ နေ့လယ်စာ စား၍ မိဝါဆီမှာ စပ်စုကြည့်ဖို့ ဆုံးဖြတ်လိုက် သည်။ မိဝါဆိုတာက မိဝါတို့အိမ်ရဲ့ ဆွေမျိုးမကင်းသည့် အိမ်အကူ မိန်းကလေး။

ညညတို့နှင့် အသက်သိပ်မကွာတာမို့ အဖော်လုပ်လို့ အဆင် ပြေသည်။ ရွာကနေ ခေါ်ထားသည့် ဆွေရိပ်မျိုးရိပ် မကင်းသည့် မိန်း ကလေးမို့ ဘယ်သူကမှလည်း တင်းတင်းကျပ်ကျပ် ချုပ်ချယ်မထားပါ။

ဒါကြောင့်လည်း ဈေးသွားရင်းနှင့် ဘာသတင်းကြားလာသည်။ ဘယ်သူကတော့ ဘာဖြစ်လို့နှင့် စပ်စုလာသမျှ မငြိုမငြင် နားထောင်ပေး ကြ၏ ။

အလွန်အကျွံ ဖြစ်လာလို့ အော်ငေါက်လျှင်လည်း စိတ်ဆိုးစိတ် ကောက်ရမှန်းမသိ ပြုံးဖြဲဖြဲသာ။

ဘာတွေလုပ်ခိုင်းလုပ်ခိုင်းလည်း ပင်ပန်းတယ်လို့ မရှိ။ ညည ကိုလည်း သူစိမ်းလို မသတ်မှတ်ဘဲ ခင်မင်ရှာသည်။

''မိစု''

''ရှန် မမည မိစု ဘာလုပ်ပေးရမလဲ''

''နင်ကလေ လျှာကို ရှည်တယ်၊ ပြီးရင် မေးချင်တာ မေးမှာ ပေ့ါ''

''ဟုတ်ကဲ့ပါ''

ထမင်းပလုပ်ပလောင်း စားရင်းလက်စသတ်နေသော မိဝါက ဒေါက်ခနဲ ခေါက်လိုက်၍ မိစု ဇက်ကလေးပုဝင်ကာ ထမင်းပွဲ အမြန် သိမ်းနေသည်။ ညညတို့အားလုံး စားသောက်၍ ထွက်လာပြီးမှ လက်ဖက် ပွဲ အညာက မိဝါပါလာသည့် သရက်သီးနှင့် ပန်းသီးတို့ကို ဗန်းလေးနှင့် ထည့်ကာ ယူလာပေးသည်။

''ကဲ ထိုင်စမ်းပါဦး သတင်းထောက်ကြီး၊ ဒီရက်တွေမှာ ဘာ သတင်းမှ မထူးဘူးလား၊ ငါတို့နဲ့ ကင်းကွာနေတာ မိဝါ ရွာသွားကတည်း က ဆိုတော့ တစ်လလောက်ရှိနေပြီ ထင်တယ်''

ပန်းသီးသုံးလေးစိတ် ပါးစပ်ထဲ ပစ်သွင်းရင်း ညည မေး တော့ မိစုက ဆရာကြီးစတိုင်နှင့် မေးကိုပွတ်ကာ စဉ်းစားလိုက်သေး ၏။ ပြီးမှ ပေါင်ကို ဖြန်းခနဲ ပုတ်ကာ

''သထင်းထူးရှိတာပေါ့ မညရဲ့၊ လမ်းထိပ်စတိုးဆိုင်က ဦးလူဖွေး ဆိုတဲ့ အသားမည်းမည်း ဆိုင်ပိုင်ရှင်ကြီးကို သိတယ် မဟုတ် လား၊ အသက်က ငါးဆယ်ကျော်နေပြီလေ''

''အေး သိပါတယ်၊ သူ့မိန်းမက လေဖြတ်နေတာ မဟုတ်လား၊ သားတွေ သမီးတွေလည်း ပညာတတ်တွေပါ''

''ဟုတ်တယ် အဲဒီ လူကြီးကို ပြောတာ၊ အဲဒီ လူကြီးကလေ ဆိုင်က ဝန်ထမ်းကောင်မလေးနဲ့ ဘာဘာညာညာ ဖြစ်သွားပြီတဲ့တော်''

''ဘာ ဘာဘာညာညာလဲ''

''တိတ်တိတ်ပုန်း ယူထားပြီး တိုက်ခန်းတွေဘာတွေတောင် ဝယ်ပေးထားပြီးပြီတဲ့၊ အဲဒါ သားသမီးတွေရော မိန်းမရော သိသွားလို့ ပြဿနာတက်ပါလေရော၊ ဒါပေမဲ့ မိန်းမကြီးက သူက လေဖြတ်နေလို့ ဆိုပြီး နားလည်ပေးတယ်၊ သားသမီးတွေကတော့ ရှက်မှာပေါ့''

''ဩော် ဒါကတော့ အရွယ်ရောက်နေတဲ့ သားသမီးတွေပဲ ရှက်မှာပေါ့၊ မိဘတွေကသာ ဒီအသက်အရွယ်နဲ့ အသိတရား မရကြတာ''

''ဟုတ်ပ့ါ မမဝါရယ်၊ သူငယ်ပြန်နေတာလားမှ မသိတာ''

''ဟဲ့ ဘယ်လိုဖြစ်လို့ အမေးအဖြေ တည့်နေကြတာလဲ၊ ငါ သိချင်တာ အဲဒီ

အကြောင်းမှ မဟုတ်တာ''

ညည အော်လိုက်တော့ မိဝါနှင့် မိစု ပခုံးတွန့်၍ မျက်စပစ်ကြ ၏။ မိစုက လက်ဖက်သုတ် တစ်ဇွန်းခပ်စားလိုက်ပြီး

''သြော် တခြားအကြောင်းလား၊ ဈေးထဲက ကုန်ခြောက်ရောင်း တဲ့ တင်တင်မာလေ စပွန်ဆာနဲ့တိုးပြီး အခု ချမ်းသာသွားပြီတော်၊ ဘာတဲ့ တတိယမြောက် မယားဆိုလား ဘာလား မိဘတွေကိုလည်း ထောက်ပံ့နိုင်တယ်၊ သူ့မောင်တွေ ညီမတွေကိုလည်း ကျောင်းထားနိုင် တယ်တဲ့၊ အဲဒီ ယောကျ်ားက သူ့မောင် အငယ်ကောင်ကိုတောင် နိုင်ငံခြား ပို့ပေးမယ်ဆိုလား ဘာလား''

''အံမယ်လေး မိစု တော်ပြီ တော်ပြီ၊ နင် ပြောနေတာတွေ က သူများ အငယ်အနှောင်းကိစ္စတွေချည်းပဲ၊ အခု ငါ မေးတာကိုပဲ ဖြေ''

''ဟုတ်ကဲ့ ရှင့်''

''ဘာရှင့်လဲ၊ ပြောလိုက်ရင် မျောက်သေလေး ပါးရိုက်ထား သလိုပဲ''

''နင်ကလေ ငါ့ကိုတင် မဟုတ်ဘူး၊ ငါ့အိမ်က လူကိုပါ ဖြဲဖြဲ ခြောက်တယ်၊ တော်သေးတာပေ့ါ ငါ့အဖေနဲ့အမေ ပွဲရုံသွားနေလို့ မဟုတ် ရင် ငါ့မိဘတွေကိုတောင် ထိုင်ထလုပ်ခိုင်းမလား မသိဘူး၊ ကဲ ပြောလိုက် စမ်း မိစုရယ်၊ တကယ်ပဲ ဘာရောဂါထနေမှန်း မသိဘူး၊ အရင်က အဲ လောက်စပ်စုမယ် မထင်ဘူး''

''အံမယ် နင်ရော ဘာထူးလဲ''

စကားတစ်လုံး ပြောတော့မယ်ဆို အဲလို အခြေအတင်က ဖြစ်ရသည်။ ညညက မိစုဘက် လှည့်ကာ စိတ်ဝင်တစားဖြင့် ''ဟိုဘက်အိမ်မှာလေ လူတစ်ယောက် ပြောင်းလာတယ်၊ မဟုတ်လား၊ အရင်ပိုင်ရှင်တွေက ရောင်းခဲ့တာလား။ ငှားခဲ့တာလား မသိဘူးလေ၊ နိုင်ငံခြား ထွက်သွားကြပြီ၊ အခု တိရစ္ဆာန်တွေနဲ့နေတဲ့လူ ကို ပြောတာ''

''ဩော် ကိုကိုဆန္ဒသျှင်ကိုပြောတာလား''

''ဘာဟဲ့ ကိုကို ဟုတ်လား၊ နင်နဲ့ ဘယ်အချိန်တုန်းက သိလိုက် လို့ ကိုကိုဆန္ဒသျှင်တွေ ဘာတွေ ဖြစ်သွားရတာ လဲ''

''ဒါက ဒီလိုရှိတယ်လေ၊ ကိုရီးယားမှာဆိုရင် ကိုယ့်ထက်ကြီး တဲ့လူတို့ ကိုယ်အရမ်းခင်ပြီး တန်ဖိုးထားတဲ့သူတို့ကို အိုးပါးလို့ ခေါ်ကြ တယ် မဟုတ်လား၊ အဲဒါကြောင့် ကိုကိုဆန္ဒသျှင်က အရမ်းချောပြီး ကြည့်ကောင်းလွန်းလို့ ကိုကိုဆန္ဒသျှင်လို့ ခေါ်တာပေါ့''

''ကဲပါ ဘယ်လိုသိကျွမ်းသွားတာလဲ ပြောစမ်းပါ၊ အဲဒီ လူက ဘာလဲ''

''ထူးထူးခြားခြား သိကြတာတော့ မဟုတ်ပါဘူး၊ ဒီဘက်မှာ အိမ်သန့်ရှင်းရေးလုပ်ရင်းနဲ့ ကိုကိုဆန္ဒသျှင် အိမ်ဘက်မှာ တစ်ခါတလေ ထမင်းဟင်း လာချက်ပေးတဲ့ လူကြီးကို ရယ်ရယ်ပြရင်းနဲ့ ခင်သွားတာ''

''ဟယ် မိန်းကလေးဖြစ်ပြီး အဲလောက်ပဲ လွယ်ရသလား၊ ဘာလို့ သူစိမ်းယောကျ်ားတွေကို ရယ်ပြရတာ လဲ''

''အဲဒီ လူက ရယ်ရလို့ပေါ့၊ သူက အသားကမည်းလွန်းတော့ လေ ပြုံးပြရုံလေးနဲ့ သွားတွေက အကုန်ပေါ်တာ၊ သွားလေးတွေက ဖြူ ဖွေးညီညာနေတာပဲ၊ မျက်လုံးလေးက ပြူးပြူးလေး ဟင်း ဟင်း အရမ်း ဆွဲဆောင်မှုရှိတယ်''

''မိစု''

ဒီတစ်ခါတော့ မိဝါပါ အသံကုန်အော်၍ မိစု ခေါင်းကို ဒေါက် ခနဲ ခေါက်သည်။ အရွယ်ရောက်ပြီဆိုတော့ မိစုမှာလည်း ဒီပိုးက ရှိပြီ ပေါ့။

ဒါက အရေးမကြီး။ ဒီအရွယ်မှာ ဒီအမျိုးကတော့ ပေါက်မှာပဲ၊ သိချင်တာကို လိုရင်းမရောက်တာဘဲ စိတ်ကမရှည်။

''ကဲ ထားပါတော့ အဲဒီ မည်းမည်းကောင်အကြောင်း ငို့ကာ ချဲ့ပြမနေနဲ့၊ ဟို နင့်ကိုကိုဆန္ဒသျှင်အကြောင်းသာ ပြော''

''အင်းပါ အဲဒါပဲ ပြောမှာပေါ့၊ အဲဒီ ကိုကိုဆန္ဒသျှင်ကလေ လူကြည့်တော့ အသက်ကလည်းငယ်၊ ဒီဇိုင်းကလည်း လန်းလန်းပဲနော်၊ ဒါပေမဲ့ စာရေးဆရာတဲ့တော်''

''ဘာ''

''မိစုတို့ကတော့ မဖြစ်နိုင်တာ ပြောတော့မယ်၊ ဒီတစ်ခါ သတင်းက အမှားကြီး ဖြစ်မှာ''

''အေးလေ စာရေးဆရာဆိုတာ မျက်မှန်ပါဝါထူထူ၊ လည်ကတုံး နဲ့ တိုက်ပုံအကျႌအစုတ်၊ လွယ်အိတ်နွမ်းနွမ်း၊ ထီးခေါက်ကြီး တရမ်းရမ်း နဲ့ ဖြစ်ရမှာပေါ့၊ ထီးဖြူဖိနပ်ပါးဆိုတာ စာရေးဆရာတွေကို ပြောတာ''

''ဟား ဟား အန်းဒိတ်အတွေးတွေနဲ့ ပြောနေတယ်''

မိစုက ညညနှင့်မိဝါ အပြောကို လက်ခုပ်လက်ဝါးတီး၍ ဟား တိုက်ကာ လှောင်ပြောင်၍ ရယ်သည်။

အင်တာနက်ပေါ်တက်ပြီး အိမ်အကူ အလုပ်လျှောက်ခဲ့တာများ လား။

''ကဲ နင်က ဘာလို့ အဲလောက် ရယ်နေတာလဲ၊ ငါတို့ပြောတာ မဟုတ်လို့လား''

''ဟုတ်မှ မဟုတ်တာ၊ အဲလို ပုံစံမျိုးက ဂျပန်ခေတ်က အကြွင်း အကျန် စာရေးဆရာတွေပဲ ဖြစ်မှာပေါ့၊ အခုက အင်တာနက်ခေတ်၊ အိုင်တီခေတ်၊ သီချင်းခွေတောင် ကလေးတွေဆိုမှ ပေါက်တာ မသိဘူး လား''

''ဟုတ်ပ့ါ အဲဒါ ငါတို့ မေ့နေတယ်၊ ကဲ ပြောစမ်းပါဦး၊ အဲဒီ လူက စာရေးဆရာဆိုတော့''

''အဲလို စာအေးအေးဆေးဆေး ရေးချင်လို့ ဆိတ်ငြိမ်ရပ်ကွက် ကို ပြောင်းလာတာတဲ့၊ မိဘတွေက နိုင်ငံခြားမှာ၊ ဘယ်တော့မှ လိုက်မသွား ဘူး၊ အလည်အပတ်လည်း မသွားဘူးလို့ ပြောတာပဲ''

''ဟွန်း ဘာအကြောင်းတွေရှိနေလဲ အဲဒါတော့ နင် မသိဘူး မဟုတ်လား၊ အလိုက်တုံးလိုက်တာ''

''အံမယ် နောက်တော့ တဖြည်းဖြည်း သိလာမှာပေ့ါ၊ အခုမှ အစပဲ ရှိသေးတာ၊ ကိုမဲတူကလည်း ကိုကိုဆန္ဒသျှင် မိဘတွေအိမ်မှာ သူ့ဦးလေး ခေါ်ထားလို့ ကျန်ခဲ့တာနဲ့ တစ်ပတ်တစ်ခါလောက်ပဲ လာတတ် တာ၊ နောက်ဆိုရင်တော့ အပြီးပြောင်းလာနေမယ်ဆိုလားပါပဲ၊ သူ့ဦးလေး မိသားစုနဲ့ မနေချင်ဘူးတဲ့လေ''

''အင်း နင် အဲလောက် သိထားတာလည်း မဆိုးပါဘူး၊ ကိုယ့် အိမ်ချင်းကပ်ရက် ပြောင်းလာတဲ့သူက လူဆိုးမဟုတ်တာတော့ သေချာ သလောက်ပါပဲ၊ ဒါပေမဲ့ ငါ မရှင်းတာက အေးအေးဆေးဆေး စာရေး ချင်လို့ ဆိတ်ငြိမ်ရပ်ကွက် ပြောင်းလာတဲ့သူက ဘာလို့ တိရစ္ဆာန်တွေ တရုန်းရုန်းနဲ့ဆူညံပွက်လောရိုက်နေရတာ လဲ''

ဒါကျတော့ မိစု တန်းခနဲ မဖြေနိုင်။

ခေါင်းကုတ်ဖင်ကုတ်ဖြင့် ကိုယ်တိုင် နားမလည်နိုင်ဖြစ်နေကာ

''အင်း အဲဒါတော့ ဟုတ်သားနော်၊ ကိုမဲတူက မိတ်ဆက်ပေး ထားလို့ မိစု ဈေးသွားရင် တိရစ္ဆာန်အစားအစာတွေတောင် မှာတတ် တယ်၊ သူကိုယ်တိုင် သွားဝယ်တဲ့ အခါတွေလည်း ရှိတာပဲ၊ တိရစ္ဆာန်တွေ ကို အရမ်းဂရုစိုက်တာ၊ ဘဲတွေအတွက်ဆို ရေကူးကန်လေးတောင် လုပ် ပေးထားသေးတယ်၊ ခြံနောက်ဘက်က လူကူးတဲ့ ရေကူးကန်တော့ တစ်ခါ မှ ကူးတာ မတွေ့ဘူး''

''နင်က စောင့်ကြည့်နေတာလား''

''ကြည့်တယ်ရယ်လည်း မဟုတ်ပါဘူး၊ မတွေ့လို့ ပြောတာပါ၊ အပေါ်ထပ် အခန်းတစ်ခန်းက ညဥ့်နက်တဲ့အထိ တစ်ခါတလေ မိုးလင်း တဲ့အထိ မီးလင်းနေတယ်လို့တောင် မေးကြည့်သေးတယ်၊ အဲဒါ ကိုကို ဆန္ဒသျှင် စာရေးတာတဲ့လေ''

''မိုးလင်းပေါက် ရေးတာ၊ အံ့သြစရာပဲ''

''အာရုံလာတဲ့နေ့ဆို ရေးတာနေမှာပေ့ါ၊ တစ်ခါတစ်ရံတော့ လည်း အောက်ထပ်ပဲ မီးလင်းတာ၊ အပေါ်ထပ်က မှောင်မည်းလို့''

''ဩော် သေသေချာချာ စေ့စေ့စပ်စပ်ကို စပ်စုထားတာပဲ''

''နေပါဦး မမဝါနဲ့ မမညက ဘာလို့ ကိုကိုဆန္ဒသျှင်အကြောင်း သိချင်နေကြတာလဲ''

''အံမယ် အဲလောက်သိချင်တဲ့အထဲ ငါ မပါပါဘူးနော် သူ သူ''

မိဝါက ညညကို ဇွတ်အကြောက်အကန် ငြင်းလျက် လက်ညှိုး ထိုးပြသည်။ ညညက မိဝါ လက်ညှိုးကို ပါးစပ်ဖြင့် လိုက်ကိုက်မည့်ဟန် ပြုပြီး

''သိချင်တာက စိတ်ဝင်စားလို့ မဟုတ်ဘူးဟဲ့ တိရစ္ဆာန်တွေနဲ့ ရောနှောပြီး အော့ကြောလန်အောင် ရန်တွေ့တတ်တဲ့လူကြီးကို အမြင် ကတ်လို့ပါ၊ သူ့ဘဲစုတ်ဘဲနာ ငမ်းကြောဆွဲတာ သိရဲ့နဲ့ ငါ့ကို အပြစ်တင် တယ်၊ ဘယ်တော့မှ မကျေနပ်ဘူး၊ နောက်တစ်ခါဆိုလို့ကတော့ ရိုက်သတ် ပစ်မယ်''

အားကောင်းမောင်းသန် ကြိမ်းဝါးရင်း ရင်ထဲမှာ အာဃာတ တွေအပြည့်နှင့်ပါ။

လူဘဲ အလိုက်ခံရတာ ကြားလို့ကောင်းသည်။

တိရစ္ဆာန်ဘဲ အလိုက်ခံရတာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ။ ဘဲပိုင်ရှင်က ပိုပြီး မုန်းဖို့ကောင်းတာ။

လူကြည့်တော့ သနားကမားနှင့် တော်တော် မိန်းမလို မိန်းမရ ရန်တွေ့ကောင်းပြီ စွာတေးလန်သည့်လူ။

တစ်နေ့နေ့တော့ ညည အကြောင်း ကောင်းကောင်းသိစေရမှာ ပေါ့ ဆန္ဒသျှင်ရယ်...။

***